## စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီ (၁/၂၀၂၃) အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂၆

စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီ (၁/၂၀၂၃) အစည်းအဝေးကို ယနေ့ (၁၃:၀၀) နာရီတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၃၂) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်-၁၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့မှ စီးပွားရေးရာဝန်ကြီးများ၊ ရန်ကုန် စီးပွားရေးတက္ကသိုလ် စာရင်းအင်းပညာဌာန ပါမောက္ခ၊ မြန်မာနိုင်ငံစာရင်းအင်းပညာအသင်း ဒုတိယဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဝင်းရှိန်က စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟို ကော်မတီကို ၂၀၁၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အစည်းအဝေးများကို ယခုအချိန်ထိ (၁၁)ကြိမ် တိတိ ကျင်းပခဲ့ပြီဖြစ်ကြောင်း၊ စာရင်းအင်းအချက်အလက် မှန်ကန်ရေးသည် နိုင်ငံတိုင်းအတွက် အလွန်အရေးပါပြီး နိုင်ငံတစ်နိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်နှင့် အမျိုးသားစာရင်းအင်းစနစ် ခိုင်မာ အားကောင်းရန် အထူးလိုအပ်ကြောင်း၊ အရည်အသွေးပြည့်ဝသော စာရင်းအချက်အလက်များ ရရှိ ခြင်းဖြင့် မူဝါဒချမှတ်သူများ၊ စီမံကိန်းရေးဆွဲသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ လူမှု-စီးပွား သုတေသနဆောင်ရွက်သူများအနေဖြင့် ဖွံ့ဖြိုးမှုမူဝါဒများ၊ စီမံကိန်းများ၊ စီးပွားရေးဝန်းကျင်ကောင်း များကို ချမှတ်ဖန်တီးပေးနိုင်မှာဖြစ်ပြီး အကန့်အသတ်ဖြင့်ရှိနေသည့် အရင်းအမြစ်များကို အကျိုးရှိရှိ ထိရောက်စွာ ခွဲဝေအသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ စာရင်းအင်းကဏ္ဍသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်

မှုအဆင့်တိုင်းတွင် မရှိမဖြစ်လိုအပ်သည့်အတွက် တိုးတက်ပြောင်းလဲနေသော နည်းပညာများ၊ နည်းစနစ်များနှင့် ဆောင်ရွက်နိုင်ရန်လည်း လိုအပ်ကြောင်း၊

မိမိတို့နိုင်ငံတွင် ကျင့်သုံးနေသည့် စာရင်းအင်းစနစ်မှာ ဗဟိုထိန်းချုပ်မှု လျှော့ချသည့် စာရင်းအင်းစနစ် (Decentralized Statistical System) ဖြစ်သဖြင့် စာရင်းအင်းအချက်အလက်များ ပြည့်စုံစွာ စုစည်းတွက်ချက် ထုတ်ပြန်နိုင်ရန် ဗဟိုစာရင်းအင်းအဖွဲ့ တစ်ခုတည်းသာမက အမျိုးသား စာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူများ အားလုံးနှင့်အတူ စာရင်းအင်းနှင့် သက်ဆိုင်သည့် ဌာန/ အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှုရှိရန် အထူးလိုအပ်ကြောင်း၊

ကုန်သွယ်မှုစာရင်းအင်းများ မှန်ကန်ခိုင်မာမှု ရရှိစေရန်၊ မွေးဖွားမှုနှင့် သေဆုံးမှုဆိုင်ရာ အညွှန်းကိန်းများ တွက်ချက်ထုတ်ပြန်ရာတွင် ကွဲလွဲမှုများ မရှိစေရန်၊ စီးပွားရေးလုပ်ငန်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ စာရင်းအင်းလုပ်ငန်း (Statistical Business Register–SBR) အချက် အလက်များပြည့်စုံစွာ ဖြည့်သွင်းမှုနှင့် အချိန်မီ ပေးပို့နိုင်ရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ ပံ့ပိုးပေးနိုင်ရန် လိုအပ်ကြောင်း၊

စားသုံးသူဈေးဆနှုန်း တွက်ချက်ရာတွင် ပါဝင်သည့် ကုန်စည်နှင့်ဝန်ဆောင်မှုများကို ခေတ်စနစ်နှင့် လိုက်လျောညီထွေ ဖြစ်စေရန်အတွက် အခြေခံနှစ်ကို လက်ရှိ ၂၀၁၂ ခုနှစ်မှ ၂၀၁၇ ခုနှစ်သို့ ပြောင်းလဲတွက်ချက်ရန် ဆောင်ရွက်လျက်ရှိရာ Timeline အတိုင်း ပြီးစီးအောင် ပူးပေါင်း ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊

နိုင်ငံဖွံ့ဖြိုးရေးတွင် အလွန်အရေးပါပြီး ခိုင်မာ၍ ယုံကြည်ကိုးစားနိုင်သော မြေပြင် စာရင်းအင်းအချက်အလက်မှန်များဖြစ်စေရန်၊ အချိန်နှင့်တစ်ပြေးညီဖြစ်ရန်၊ ရှေ့နောက် ညီညွတ်မှု ရှိရန် ဝန်ကြီးဌာနများအကြား၊ ပြည်ထောင်စုနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များအကြား စာရင်းအင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ယန္တရားကို အချိတ်အဆက်မိမိနှင့် အရှိန်အဟုန်မြှင့် တိုးချဲ့ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ဗဟိုကော်မတီ အတွင်းရေးမှူး၊ ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့်အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီ ပြန်လည် ဖွဲ့စည်းမှု၊ ဗဟိုကော်မတီအစည်းအဝေး ၁/၂၀၂၁ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေ အနေ၊ စာရင်းအင်းကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များ၏ ဆောင်ရွက်မှု၊ စားသုံးသူဈေးဆနှုန်း (Consumer Price Index) နှင့် ငွေကြေးဖောင်းပွမှုနှုန်း (Inflation) တို့ကို ၂၀၁၂ ခုနှစ် အခြေခံနှစ်မှ

၂၀၁၇ ခုနှစ် အခြေခံနှစ်သို့ ပြောင်းလဲတွက်ချက်မှု၊ စာရင်းအင်းဆိုင်ရာ အသိပညာ မြှင့်တင်မှု၊ အစည်းအဝေးများကျင်းပမှုနှင့် လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်မှုသင်တန်းများ၊ စစ်တမ်းများ ကောက်ယူမှုနှင့် Survey Calendar ၊ စာရင်းအင်းစာစောင်များ ထုတ်ပြန်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်-၁ နှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့မှ စီးပွားရေးရာဝန်ကြီးများက တိုင်းဒေသကြီး/ ပြည်နယ် စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီများ၏ လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး ဗဟိုကော်မတီဥက္ကဋ္ဌက သက်ဆိုင်ရာကဏ္ဍအလိုက် တွေ့ရှိချက်၊ လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)